# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 August 2023 ၁၁၁၇၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။


၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပပြုလုပ်



**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ သတ်မှတ်နေရာများ၌ ကျင်းပရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူသည့် နိုင်ငံတော်ဩဝါဒါစရိယသောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြစဉ်။





ကြေးမုံ

# ထူးမြတ်သည့်မြတ်ဗုဒ္ဓမင်္ဂလာ ကောင်းခြင်းဝေဖြာ

ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် ထူးမြတ်သည့် မင်္ဂလာအခါတော်နေ့ဖြစ်သည်။ ဤဝါဆိုလပြည့်နေ့သည် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသောနေ့၊ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးဟောတော်မူသောနေ့၊ ဘုရားဖြစ်ပြီးဟု ရဲဝံ့စွာကြွေးကြော်သောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့၊ မြတ်ဗုဒ္ဓ၏ဗျာဒိတ်တော်ရရဟန်းစတင်ပေါ်ထွန်းသောနေ့၊ တာဝတိံသာနတ်ပြည်သို့ကြွတော်မူစဉ်ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူသောနေ့ဖြစ်၍ ထူးမြတ်သောနေ့ဖြစ်သည်။

ထူးမြတ်သည့် ဤနေ့ဤရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်း စသည့် မဟာမင်္ဂလာအခမ်းအနားများကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ကောင်းခြင်းမင်္ဂလာအပေါင်းတို့ ပြည့်စုံဝေဆာလာမည်ဖြစ်သည်။

ထူးခြားသည်မှာ အဆိုပါမဟာမင်္ဂလာအခမ်းအနားများသို့ ပြည်တွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိနှင့် ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်နှင့် ဆရာတော်ကြီးများ၊ အခြားထေရ်ကြီးဝါကြီး ဆရာတော်အရှင်သူမြတ်များနှင့်အတူ ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ရုရှားဖက်ဒရေးရှင်း၊ လာအို၊ သီရိလင်္ကာနှင့် အိန္ဒိယ ကိုးနိုင်ငံတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး အပါး ၇၀ ကျော်နှင့် သံဃာတော်အရှင်သူမြတ် အပါး ၉၀၀ ကျော် ကြွရောက်တော်မူကြသဖြင့် မြန်မာနိုင်ငံ၏ ထွန်းတောက်နေသော ဗုဒ္ဓသာသနာတော်ကို ကြည်ညိုဦးခိုက်ဖွယ်ရာ ဖူးတွေ့ခွင့်ရခဲ့ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောမှုဖြစ်စေရန် ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်ဆည်းကပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဝိနည်းတော်များနှင့်အညီ လိုက်နာကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ဗုဒ္ဓသာသနာတော်ကို ဤသို့မွန်မြတ်သည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်ကြီး သာယာဝပြောခြင်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာခြင်းတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သာယာဝပြောမှုဆိုသည်မှာ ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံး လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်သည်။ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဆိုသည်မှာ ဗုဒ္ဓသာသနာတော်သည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှု မေတ္တာတရားကိုအလေးထားသည့် ဘာသာတရားတစ်ခု၊ ဗုဒ္ဓဘာသာတရားကိုအခြေခံ၍ ကမ္ဘာကို မေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံသွားမည်ဆိုပါက ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာမှုဖြစ်စေမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပေလိမ့်မည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ကောင်းမှုကုသိုလ်ဖြစ်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ ဗုဒ္ဓဘာသာဝင်အပေါင်းနှင့် စိတ်ဝင်စားသူအပေါင်းတို့ ဖူးမြော်ကြည်ညိုခွင့်ရကြပြီဖြစ်သည်။ ပိဋကသုံးပုံ ကျောက်စာရုံစေတီများ၊ မုစလိန္ဒာအိုင်ရှိ နဂါးရုံဘုရား၊ ဓမ္မဗိမာန်၊ သုဓမ္မာဇရပ်များနှင့် တင့်တယ်ဝေစည်နေသော မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးသို့ အများဝေနေယျတို့ လာရောက်ကြည်ညို ကုသိုလ်ပွားများ ရယူနိုင်ကြစေရန် ဖိတ်ခေါ်အပ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အစဉ်အဆက်ထွန်းလင်းတောက်ပလျက်ရှိပြီး မျက်မှောက်ကာလအချိန်အခါ၌ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်းပါ ငြိမ်းချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်စေမည့် ဉာဏ်တော်အမြင့်ဆုံး မာရဝိဇယကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး ထွန်းလင်းတောက်ပပေါ်ထွန်းလာပြီဖြစ်ရာ မြတ်စွာဘုရားရှင်၏ အရိပ်အာဝါသအောက်တွင် ဝေနေယျအပေါင်းတို့ ဘေးဘယာဝေးကွာ၍ အေးချမ်းသာယာဝပြောလာမည်ဖြစ်ပါကြောင်း။ ။


(၁၂)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 12th Traditional Medicine Research Congress

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၇-၈) ရက်

တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး




မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ လမ်းညွှန်မှုဖြင့် ဩဂုတ် ၁ ရက်(ဝါဆိုလပြည့်နေ့)တွင် ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုအတွင်းရေးမှူး ဦးအောင်မျိုးသန့်၊ ပြန်ကြားရေးမှူး ဦးဟန်သိန်း၊ အမျိုးသမီးရေးရာ အထောက်အကူပြုဥက္ကဋ္ဌ ဒေါ်ခင်မြသွေးနှင့် နေပြည်တော်ကောင်စီနယ်မြေ အလုပ်အမှုဆောင်အဖွဲ့တို့က ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်မုခ်၌ ဘုရားဖူးလာပြည်သူတို့အား ရေသန့်ဘူး၊ အအေးနှင့် စနိုးတာဝါများ လှူဒါန်းကြစဉ်။

တင်ဝင်းတင်

## သပိတ်ကျင်းမြို့၌ သံဃာတော်အရှင်သူမြတ် အပါး ၈၀ ကျော်အား ဘုံဆွမ်းလောင်းလှူပွဲ ကျင်းပ

သပိတ်ကျင်း ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက် ဆုတောင်းပြည့် ကမ္ဘာအေးစေတီတော် မုခ်ဦးရှေ့၌ ယနေ့ နံနက် ၇ နာရီက ဝါတွင်းကာလအတွင်း သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူကြသည်။



ထိုသို့ဆွမ်းလောင်းလှူရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများနှင့် အလှူရှင်မိသားစုများက သပိတ်ကျင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းမှ ဆရာတော်၊ သံဃာတော်နှင့် ရှင်သာမဏေ စုစုပေါင်း အပါး ၈၀ ခန့်အား ကမ္ဘာအေးစေတီတော် မုခ်ဦးရှေ့လမ်းမကြီး၌ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဝေယျာဝစ္စအတွက် ဝတ္ထုငွေများ လောင်းလှူကြသည်။

အဆိုပါဆွမ်းလောင်းလှူပွဲသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက စုပေါင်းလောင်းလှူကြပြီး ဘုံဆွမ်းလောင်းလှူပွဲကို ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့တို့တွင် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁








ပြည်တွင်း ပြည်ပမှ သံဃာတော်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။

❂ ရှေ့ဖုံးမှ

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး အပါး ၂၀ တို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များနှင့် ဓမ္မမိတ်ဆွေများ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ရွှေကြာသင်္ကန်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းစဉ်။

### ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း

ထို့နောက် သံဃာတော် ၈၅၅ ပါးတို့အား ရင်ပြင်တော်ပေါ်ရှိ သံဃာတော်မဏ္ဍပ်ကြီး ၄ ဆောင်သို့လည်းကောင်း၊ အနေကဇာတင်ပူဇော်နိုင်ရေးအတွက် ပါဠိဆရာတော်အမှူးပြုသော သံဃာတော် ၁၂ ပါးတို့အား မုစလိန္ဒနှင့် သာသနာ့ဗိမာန်တော်သို့လည်းကောင်း၊ မာရဝိဇယ ကျောင်းတော်တွင် သီတင်းသုံးမည့် ဆရာတော် ၅ ပါးတို့အား မာရဝိဇယ ကျောင်းတော်သို့လည်းကောင်း၊ မဟာထေရ် ၉ ပါးတို့အား ထေရာသနနေရာသို့လည်းကောင်း ဥပါသကာများက ပင့်ဆောင်ကြပြီး မင်္ဂလာဘိသိက်ပန်း၊ အောင်တံခွန်၊ အောင်ကုက္ကားများ ဆက်ကပ်ကြသည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မာရဝိဇယဗုဒ္ဓပူဇာဓမ္မတေးဖြင့်ပူဇော်၍ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်သည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ပနိုင်ငံများမှ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် သီတဂူဆရာတော်ကြီးထံ အခမ်းအနားကို လွှဲအပ်သည်။

ထို့နောက်ကြွရောက်တော်မူကြသည့် ကမ္ဘောဒီးယားနိုင်ငံမှ သံဃာတော် ခြောက်ပါး၊ ထိုင်းနိုင်ငံမှ သံဃာတော် ၁၁ ပါး၊ နီပေါနိုင်ငံမှ သံဃာတော် ၁၀ ပါး ၊ ဗီယက်နမ်နိုင်ငံမှ သံဃာတော် ၁၁ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံဃာတော် ၁၀ ပါး၊ လာအိုနိုင်ငံမှ သံဃာတော် ခြောက်ပါး၊ သီရိလင်္ကာနိုင်ငံမှ သံဃာတော် ၁၁ ပါးနှင့် အိန္ဒိယနိုင်ငံမှ သံဃာတော် ငါးပါးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ထို့အတူ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်းမှ သံဃာတော်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက ဇယောဟိ ဗုဒ္ဓဿ သီရိမတော အစချီ ဇယမင်္ဂလာ အောင်ဘိသိက်ဂါထာတော်ကို ရွတ်ဆိုပူဇော်၍ ဂါထာတော်ပြီးဆုံးချိန်တွင် သာဓုသုံးကြိမ်ခေါ်ဆိုပြီး လျှပ်ပန်းရောင်စုံမီးပန်းစုံတို့ဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပူဇော်၍ အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

### ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်း

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ အလှပန်းစိုက် ငွေဖလားကိုင်၊ သာသနာ့အလံကိုင်၊ ထီးဖြူတော်ကိုင်၊ မင်္ဂလာဝေါယာဉ်တော်ကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ၊ ပန်းကြဲအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက ကျောက်စာရုံစေတီတော်အဝင်မုခ်ဦးရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး တာဝန်ရှိသူများက မဟာထေရ်ဆရာတော်ကြီး ၁၁ ပါးအား ထေရာသနမဏ္ဍပ်သို့ ပင့်ဆောင်ပေးကြသည်။

ယင်းနောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ မင်္ဂလာမော်ကွန်း ကျောက်စာရုံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကာ အပူဇော်ခံနေရာသို့ ပို့ဆောင်ပြီး ကုသိုလ်တော်မဏ္ဍပ်တွင် နေရာယူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ-ဂါထာ၊ သဗ္ဗီတိယော ဝိဝဇ္ဇန္တု-ဂါထာနှင့် ဘဝတု- သုံးဂါထာတို့ကို ရွတ်ဆို၍ မေတ္တာပြုပူဇော်ကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာဂါထာနှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့ လင်္ကာနှစ်ပုဒ်ကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြသည်။

**စာမျက်နှာ ၄ သို့ ❂**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မာရဝိဇယဗုဒ္ဓပူဇာဓမ္မတေးဖြင့်ပူဇော်၍ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်စဉ်။





ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော် ၁၂ ပါးတို့က သာသနဗိမာန်တော်နှင့် မုစလိန္ဒတို့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။

✪ စာမျက်နှာ ၃ မှ

ထို့နောက် ဆရာတော်ကြီး သုံးပါး၊ ဦးဆောင်ဘုရားဒါယကာနှင့် ဘုရားဒါယကာများက စေတီတော်အထွတ်ငြမ်းထက်သို့ တက်ရောက်နေရာယူပြီးချိန်တွင် အရံစေတီတော် လေးဆူနှင့် ကျောက်စာရံစေတီ အဆူ ၇၂၀ တို့အား ရွှေထီးတော်တင်လှူကြမည့် အလှူရှင်ဘုရားဒါယကာများကလည်း စေတီတော်အထွတ်ငြမ်းထက်သို့ ဆက်လက်တက်ရောက်နေရာယူကြသည်။

ယင်းနောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်ဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်တည်း ဦးဆောင်ဘုရားဒါယကာက ရွှေထီးတော်ဘုံအဆင့်များ၊ ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစဉ်အတိုင်း တင်လှူပူဇော်ပြီး စေတီတော်အထွတ်တွင် သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်သည်။

ထို့အတူ အလှူရှင် ဘုရားဒါယကာများက အရံစေတီတော်လေးဆူနှင့် ကျောက်စာရံ စေတီတော်များအား ရွှေထီးတော်များ တင်လှူပူဇော်ကြပြီး ရွှေထီးတော်မြတ်များအား ပရိတ်နံ့သာရေ၊ တရော်ကင်ပွန်းရေ၊ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းသန့်စင် သွန်းလောင်းပူဇော်ကြသည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုသည့် ဧည့်ပရိသတ်များက မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ “အောင်ပြီ” ဟု သံပြိုင်ညီညာသုံးကြိမ်ကြွေးကြော်ကြကာ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားပူဇော်သည်။ ထို့နောက် ဥပါသကာများက ဆရာတော်ကြီးများအား အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်းရှိ သံဃာတော် နားနေဆောင်သို့ ပင့်ဆောင်ကြသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ မင်္ဂလာမော်ကွန်းကျောက်စာရံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

## ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း

ယင်းနောက် အခမ်းအနားအစီအစဉ် တတိယပိုင်းအဖြစ် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း အစီအစဉ်ကို အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်း၌ ကျင်းပပြုလုပ်ရာ တက်ရောက်လာသည့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားရာတွင် ယနေ့ကျင်းပသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ခရီးလမ်းပင်ပန်းမှု စသည်ကို ဥပေက္ခာပြုလျက် မေတ္တာတရားရှေ့ထားကာ ကြွရောက်ချီးမြှင့်တော်မူကြပါသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများအား ကျန်းမာရွှင်လန်းစွာဖြင့် စုံစုံညီညီ ဖူးမြော်ခွင့်ရရှိပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခွင့် ရရှိသည့်အတွက် ပီတိသောမနဿ ကုသိုလ်စိတ်များ တိုးပွားဖြစ်ပေါ်ရပါသည်ကို ဦးစွာလျှောက်ထားအပ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားရာတွင် ရည်ရွယ်ချက်လေးရပ်ထားရှိခဲ့ပြီး နိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓဘာသာခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုကို ကမ္ဘာကိုပြသနိုင်ရန်၊ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်တို့အပြင် ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ပြီး ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်စေရန် ဗုဒ္ဓမြတ်စွာ၏ အေးမြသည့် မေတ္တာရိပ်အောက်၌ အားလုံးလုံခြုံအေးချမ်းစွာဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်လည်း စာမျက်နှာ ၅ သို့ ✪



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာမော်ကွန်းကျောက်စာရုံစေတီတော်အား ရွှေထီးတော်ဘုံအဆင့်များ၊ ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစဉ်အတိုင်း တင်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်စာရုံစေတီတော်အား ရွှေထီးတော်တင်လှူပူဇော်စဉ်။

❂ စာမျက်နှာ ၄ မှ

ရည်ရွယ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို အလေးထားသည်နှင့်အညီ ဗုဒ္ဓဘာသာကိုအခြေခံပြီး ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်လည်း ရည်ရွယ်တည်ထားခဲ့ခြင်း ဖြစ်ပါကြောင်း။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်ပြီး ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံ အလှူရှင်တစ်ဦးက လှူဒါန်းခဲ့သည့် စကျင်ကျောက်တုံးတော်ကြီးကို မိမိဦးဆောင်သည့် တပ်မတော်က ဗုဒ္ဓရုပ်ပွားတော်တည်ထားနိုင်ရန် လွှဲအပ်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကျောက်တုံးတော်ကြီးကို ကျွမ်းကျင်ပညာရှင်များနှင့် အသေးစိတ်စစ်ဆေးတွက်ချက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ရာတွင် ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေရှိ အရည်အသွေး A အဆင့်ရှိသော ကျောက်တုံးတော်ကြီးကို ဖော်ထုတ်ရရှိခဲ့ပါကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန်အတွက် ကျေးဇူးရှင် ဗန်းမော်ဆရာတော်ကြီး၊ သီတဂူဆရာတော်၊ ရွှေသုဝဏ်ဆရာတော်၊ ပါမောက္ခချုပ်ဆရာတော် စသည့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့ပြီး ဘူမိဗေဒပုံစံ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီဖြစ်ခဲ့တဲ့ကာလအတွင်း ယဉ်ကျေးမှုအဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကိုရယူရန် ရတနာပုံခေတ်ပာန်နှင့်သာ ထုဆစ်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းကသယ်ယူရန် အခက်အခဲများရှိသည့်အတွက် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှနေပြည်တော်သို့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒနှင့်အညီ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရပါကြောင်း၊ စကျင်တောင်မှ သယ်ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ထဲဝင်ရောက်မည့် မြောင်းမြစ်အထိ တူးမြောင်းဖောက်လုပ်သယ်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်များကို ဧရာဝတီမြစ်ရေပြည့်သည့်အချိန် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃ ရက်တွင် စတင်ပင့်ခဲ့ပါကြောင်း၊ စုစုပေါင်းအနေဖြင့် ကိုးကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ရေလမ်းခရီးနှင့် စကျင်ကျောက်တုံးတော်ကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအပိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူပင့်ဆောင်နိုင်ရန် ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းကို အသစ်ဖောက်လုပ်ရုံသာမက ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်းအပိုင်းမှ ဗုဒ္ဓဥယျာဉ်တော်အကြား လမ်းလွှဲ ၈၂ နေရာ၊ အရှည်မိုင် ၃၀ ကျော်ကို ပြင်ဆင်ဆောင်ရွက်ပြီးနောက် နေပြည်တော်ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးနှင့် စုစုပေါင်းခုနစ်ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ရှိပါကြောင်း၊ အဲဒီလိုကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား ကမ္ဘာတွင် အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီး သယ်ဆောင်မှုတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျ လေ့လာအကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ၌လည်း ဩဝါဒခံယူခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး အလေးထားစဉ်းစား ဆောင်ရွက်ခဲ့ပါကြောင်း၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံကို ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း “မာရဝိဇယ” ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရုပ်ပွားတော်ကြီး ထုဆစ်ရာတွင် ဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀ တို့နှင့် ညီညွတ်စွာ ကြည်ညိုသပ္ပာယ်အောင် ထုဆစ်ပူဇော်ရန် ရည်သန်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်ကြီး၏ မျက်နှာတော်အနေအထားကို အနည်းငယ် ပြုံးနေတော်မူဟန်၊ ဖူးမြော်သူများ ကြည်ညိုစဖွယ် ဖူးမြင်နိုင်ရန် ဦးခေါင်းတော်ကို အရှေ့ ၇ ဒသမ ၅ ဒီဂရီ စောင်းပြီးတည်ထားပါကြောင်း၊ ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့်ထွင်းထုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်ထားသည့် နည်းတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပပညာရှင်မပါဘဲ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၆ သို့ ❂**



အလှူရှင် ဘုရားဒါယကာများက အရံစေတီတော်လေးဆူနှင့် ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်များ တင်လှူပူဇော်ကြစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဉာဏ်တော်ကိုးလက်မရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၅ မှ

အဆိုပါ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်အပိုင်း(၁၊ ၂၊ ၃)တို့ကို ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်ကို အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ပထမအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ(၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိ ခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး လှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက် တည်ဆောက်ခဲ့ပါကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ခဲ့ရာ ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ၊ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်ကာ ကြည်ညိုစဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်မြတ်ကြီးအဖြစ် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ လျှောက်ထားအပ်ပါကြောင်း၊ ကျောက်တုံးတော်ကြီး စတင်တူးဖော်ချိန်မှ ယနေ့အထိ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရာမှာ ပါဝင်သူ တစ်ဦးတစ်ယောက်မျှ ကြီးမားသည့် ထိခိုက်ဒဏ်ရာရမှုများ မရှိခဲ့ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ကို စကျင်ကျောက်ခင်းရုံသာမက မန္တလေးမြို့ အတုမရှိ ကျောင်းတော်ကြီးပုံစံအတိုင်း မြတ်စွာဘုရားဟောကြားသည့် တရားတော်များအနက် အကြီးမြတ်ဆုံးဖြစ်တော်မူသော ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ ပစ္စည်းကို ရည်စူးလျက် ဂန္ဓကုဋိတိုက်များကိုလည်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့် အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း၊ ရင်ပြင်တော်တွင် တံခွန်တိုင်နှင့် သဒ္ဒါဓိပတိခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ် တက်ရောက်နိုင်ရန် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကာ ရုပ်ပွားတော်ကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လုမ္ဗိနီ အင်ကြင်းတောနှင့် ရုပ်ပွားတော်ကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးထားရှိပါကြောင်း။

"ဓမ္မ၊ ဝိနယဟူသော ပိဋကတ်သုံးဖြာသည် ဘုရားရှင်ပမာအားလုံးတို့၏ ဆရာအဖြစ်တည်ရှိနေ၏"ဟူသော ဆရာတော်များထံမှ နာယူရသည့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ပြီး ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များကို ကျောက်ထက်အက္ခရာ တင်လှူရန်စီမံခဲ့ရာတွင် ရုပ်ပွားတော်မြတ်ကြီး ရှေ့မျက်နှာတော်မူရာ တည့်တည့်တွင် ကျောက်စာရုံစေတီများ တည်ဆောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာမျက်နှာ ၇ သို့ ❂

❂ စာမျက်နှာ ၆ မှ

စကျင်ကျောက်ချပ်များပေါ်တွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများပုံစံယူ၍ ကျောက်စာရုံစေတီ ၇၂၀ နှင့် မော်ကွန်းကျောက်စာစေတီတော်တစ်ဆူတို့ကို တည်ဆောက်ခဲ့ပါကြောင်း၊ နှစ်ဘာသာဖြင့် ရေးထွင်းပူဇော်ခြင်းဖြစ်၍ ကျောက်စာချပ်ရေ ၁၄၄၀ ချပ်ရှိပါကြောင်း၊ ကျောက်စာများရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) နှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင် မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး ကျောက်စာချပ်များအားလုံး အချိန်မီရေးထိုးပြီးစီးနိုင်ရန် CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်း မရှိစေရေးအတွက်လည်း အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် နှုတ်ကပါဠိတော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာ တင်ရုံမျှမက ကျမ်းစာအဖြစ်လည်းရိုက်နှိပ်ပြီး ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည် ဖြစ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများရှိရန် လိုအပ်သည့်အတွက် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာစသည့် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကို ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

တပည့်တော် ဆက်လက်လျှောက်ထားလိုသည်မှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံကုသိုလ်တော်အဖြစ် သာသနာ့ဗိမာန်တော်ကြီးကို နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူများက တည်ဆောက်လှူဒါန်း ပူဇော်ထားခြင်း ဖြစ်ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်သည့် အချိန်ကာလတွင် ယခင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်သော ပြည်သူများက စုပေါင်းတည်ဆောက်လှူဒါန်းခဲ့သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးကို နမူနာယူ၍ ခေတ်မီဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသည် ဝိသုံဂါမသိမ်တော်ကြီးလည်း ဖြစ်ပြီး သံဃာအပါး ၉၀၀၀၊ လူပုဂ္ဂိုလ် ၁၂၀၀၀ ဝင်ဆံ့၍ နိုင်ငံတော်အဆင့်သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ထို့မျှမက ၂၅၅ ဧက ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ ရေပန်းရင်ပြင်၊ ရတနာပုံခေတ် သုဓမ္မာဇရပ် ခြောက်ဆောင်၊ မော်ကွန်းပြတိုက်၊ ဂေါပကရုံး အဆောက်အအုံ၊ မဟာဗောဓိပင်နှင့် ဂြိုဟ်ပြေနံ့ပြေဘုရားများ၊ မန္တလေးရတနာပုံနန်းမြို့ အဝင် မင်္ဂလာတံတားနှင့် ပုံစံတူတံတား၊ အဝင်မုခ်ဦး နှစ်ဆောင်၊ ဗုဒ္ဓဥယျာဉ်တော်မဟာရံတံတိုင်း၊ ရုပ်ပွားတော်တက် မင်္ဂလာမုခ်ဦးကြီး လေးစင်း၊ ရွေ့လျားစက်လှေကား တစ်စင်း၊ ယာဉ်ရပ်နားကွင်းနှင့် ၄၂ မီတာ အမြင့်ရှိသော မိုးကြိုးလွှဲတိုင် နှစ်တိုင် အစရှိသော သာသနိက အဆောက်အအုံ မျိုးစုံတို့ကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံ မဟာဒါနပါရမီကုသိုလ်တော်များအဖြစ် ကမ္ဘာတည်သရွေ့ ဗုဒ္ဓဘာသာသာသနာတော်ကြီးသည်လည်း ထွန်းလင်းတောက်ပ တည်တံ့ခိုင်မြဲစေရန် ရည်သန်စေဟု ဆုမွန်ကောင်းတောင်းရင်း မိမိ၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားတင်ပြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဉာဏ်တော် ၉ လက်မရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်ဆိုင်ရာ သာသနိကအဆောက်အအုံတော်တို့ကို သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ကိုယ်တိုင်လက်ရောက်ဆက်ကပ်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ မိမိဦးဆောင်သော အများပြည်သူများ စုပေါင်းပြီး လှူဒါန်းပူဇော်ကြပါကြောင်း ဝမ်းမြောက်ဖွယ်စကား လျှောက်ထားအပ်ပါကြောင်း။

ကြွရောက် ချီးမြှောက်တော်မူကြပါသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများအားလုံး သက်ရှည်ကျန်းမာစွာဖြင့် ခုရနှစ်ဖြာ သာသနာကို ဆက်လက်ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့်အတူ ကမ္ဘာတည်သရွေ့ အခွန့်ရှည်ကြာစွာ တည်တံ့ဝေစည်နိုင်ပါစေကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး ဗြဟ္မစိုရ်တရားများ လက်ကိုင်ကျင့်သုံး၍ အစဉ်ထာဝရ ချမ်းမြေ့သာယာရှိကြပါစေကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးရန်အနှောင့်အယှက်ကင်းရှင်း၍ လျင်မြန်စွာ အေးချမ်းသာယာ တိုးတက်အောင်မြင်ပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က သီတဂူဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က ဗိသုကာအင်ဂျင်နီယာများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မူလအရင်းဖြစ်သည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ကြီးချီးမြှင့် မြွက်ကြားတော်မူသည့် သမ္ဗောဒနီယ ဩဝါဒကထာကို နာယူကြည်ညိုကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရာတွင် အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာစာတမ်းကို ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား ဖတ်ကြားတောင်းပန်ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ယနေ့အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀ အား ဘောဇနသာလာ အဆောင်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသည့် အလှူရှင်များ၊ ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ထို့ပြင် ညပိုင်းတွင်လည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လျှပ်ပန်းရောင်စုံမီးပန်းစုံတို့ဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်၍ ကြည်ညိုသပ္ပာယ်ဖွယ်ပူဇော်ခဲ့ကြောင်းနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိက အဆောက်အအုံများအား မီးရောင်စုံများဖြင့် အလင်းပေးပူဇော်ထားရှိသဖြင့် ကြည်ညိုသပ္ပာယ်ဖွယ် ဖူးတွေ့နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗိသုကာ အင်ဂျင်နီယာများကို ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။



ဗိသုကာ အင်ဂျင်နီယာများ ကိုယ်စား တာဝန်ရှိသူ တစ်ဦးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မူလအရင်းဖြစ်သည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပမှုပုံရိပ်များ









ပြည်တွင်း ပြည်ပမှ သံဃာတော်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြစဉ်။








ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ရွှေကြာသင်္ကန်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပမှုပုံရိပ်များ



အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီးအတွင်း၌ ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာမော်ကွန်းကျောက်စာရံစေတီတော်အား ရွှေထီးတော်ဘုံအဆင့်များ၊ ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစဉ်အတိုင်း တင်လှူပူဇော်စဉ်။





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပမှုပုံရိပ်များ





ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော် ၁၂ ပါးတို့က မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆရာတော်ကြီးများက ရွှေထီးတော်များအား ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်းပူဇော်ကြစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပမှု ပုံရိပ်များ











# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့်စည်ကား



နေပြည်တော် ဩဂုတ် ၁

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီများ၌ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကားခဲ့သည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက် ၉ နာရီမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော် ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဖြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်းဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရား အာရုံခံတန်ဆောင်းမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားများအား ဝါဆို ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ဝါဆိုလပြည့် သီလခံယူခြင်းနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ ရေစက်ချ အနုမောဒနာ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဆူးလေစေတီတော်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ရွှေဘုန်းပွင့်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး ဘုရား)၊ မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ကျင်းပကြပြီး စေတီတော်များရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာ သင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့ပြင် ဒဂုံမြို့နယ်ရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ဝါတွင်းဥပုသ်သီတင်း သီလခံယူဆောက်တည်ပွဲကို အဆိုပါစေတီတော်မြတ်ကြီး အတွင်းရှိ ရတနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ–ကိုကိုဇော်(MNA)**

---

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့်စည်ကား

နေပြည်တော် ဩဂုတ် ၁

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ တရားဦးဓမ္မစကြာဟောကြားသည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း၌ ပြည်သူများ ဝါဆိုပန်းများကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာ ပွားများခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီများ၌လည်း ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်သူ၊ အလှူဒါနပြုသူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားခဲ့သည်။

နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ရွှေလွှမ်းတောင်စေတီတော်၊ နေရောင်ပြအင်းစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနားဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော် အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကို အခမ်းအနားဖြင့်ကပ်လှူပူဇော်ခဲ့ပြီး နေပြည်တော်နှင့်ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားခဲ့ကာ ညနေပိုင်းတွင် ဆီမီး (၁၀၀၀)ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြသည်။

ထို့အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄)ဌာနတို့၌လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဧဟိဘိက္ခု–ဟူသောစကားကို စတင်ကြားရသောနေ့ ဖြစ်သည့်အတွက် ထူးခြားလှသည့် ဂုဏ်အင်များနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

**သတင်းစဉ်**

---



မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဩဂုတ် ၁ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဆုတောင်းပြည့်ဘုရားကြီး၌ ဩဂုတ် ၁ ရက် နံနက်ပိုင်းက ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး ဩဂုတ် ၁**

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။



ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်ရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃာတော်များက သီလပေးတရားတော်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ခြင်း စသည့် တရားဓမ္မသံများဖြင့်လည်း ထုံမွမ်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင်ငါးလွှတ်ခြင်း၊ အစာကျွေးခြင်းများအပြင် ဥပုသ်သီတင်းသီလ ဆောက်တည်၍ တရားဘာဝနာအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက် ရွတ်ဖတ်၍ ကုသိုလ်ကောင်းမှုပြုကြသည်။

အလားတူ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော်၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော် အပါအဝင် ဘုရား၊ စေတီများတွင် လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်း ဒါနပြုကြသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတား တောင်သမန်အင်းတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း– မောင်အေးချမ်း၊ ဓာတ်ပုံ– MTK**



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဘုရားကျောင်းကန်များ၌ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့တွင် ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဝင်းမောင်(ကျိုက်ထို)

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ကျောင်းကန်ပုထိုးများတွင် ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)





ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ဩဂုတ် ၁ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မွန်မလေး (ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၅-၆၉ လမ်းထောင့်၌ ဩဂုတ် ၁ ရက် နံနက် ၆ နာရီက သံဃာအပါး ၂၈၀ အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများဖြင့် ဘုံဆွမ်းလောင်း လှူဒါန်းစဉ်။

အောင်ဇော်မင်း



# ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ၂၀၂၃ ခုနှစ် ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု စုပေါင်းဒီရေတော သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ကောင်းမွန်ပြီး မြေဆီလွှာ ပြုန်းတီးမှုနှင့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၃ ခုနှစ် ပမ္မဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုစုပေါင်း၍ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲအား ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ပြုလုပ်ရာ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများက သမံ့ပင် ၂၅၀ အား စုပေါင်းစိုက်ပျိုးကြသည်။

ထိုသို့ စုပေါင်းဒီရေတောသစ်ပင်စိုက်ပျိုးနေမှုများကို ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**✻ MNL ပြိုင်ပွဲမှ**

ပွဲစဉ် ၁၄ အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၈ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၄ မှတ်၊ ဟံသာဝတီအသင်းက ၂၂ မှတ်၊ အား/ကာသိပွဲနှင့် မဟာယူနိုက်တက်အသင်းက ၂၁ မှတ်စီ၊ ရတနာပုံနှင့် ဒဂုံစတားအသင်းက ၁၇ မှတ်စီ၊ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းက ၁၆ မှတ်စီ၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ်ရရှိထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ပထမအကြိမ်)ထုတ်ချေး

**တပ်ကုန်း ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ပထမ) အကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ဇူလိုင် ၃၀ ရက်နံနက်ပိုင်းတွင် အလယ်ကျွန်းကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက အလယ်ကျွန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အလယ်ကျွန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၁၄၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ꩻꩻꩻ**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၈ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် သက်ဆိုင်ရာ တရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ်၊ ၃၅/၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၃၇/၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၇၁/၂၀၂၁၊ ရာဇဝတ်မှုကြီး အမှတ်၊ ၃၈/၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၄၅/၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၉ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဦးဝင်းမြင့်အပေါ် သက်ဆိုင်ရာတရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ်၊ ၃၅/၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၃၆/၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၀ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အားဖြင့် အကျဉ်းထောင် အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/သူများအနက် ပြစ်ဒဏ်လျှော့ပေါ့သင့်သူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၁ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၇၇၄၉ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ “နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၃ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း ၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်/အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ၊ ပုဒ်မခွဲ(၁) အရ “နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၂ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆို လပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်–

(၁) လရ/၂၂/၀၀၅၇၇/က အဆီးဖ(ဘ)ဦးအဆားဖ၊ MNDAAလက်နက်ကိုင်အဖွဲ့
(၂) မတလ/၂၁/၀၁၇၆၀/က အိုက်ညို့(ခ)ကျော်ညို့(ဘ)ဦးစံဟ၊ TNLAလက်နက်ကိုင်အဖွဲ့
(၃) မတလ/၂၁/၀၁၇၆၁/က အိုက်ကျန်(ခ)လွင်ကျော်(ဘ)ဦးအိုက်ရွှေ၊ TNLAလက်နက်ကိုင်အဖွဲ့
(၄) မတလ/၂၁/၀၁၇၆၂/က ထွန်းဝင်း(ခ)အိုက်ဝင်း(ဘ)ဦးပန်းမာန်၊ TNLAလက်နက်ကိုင်အဖွဲ့
(၅) သပ/၂၂/၀၀၀၆၃/က အိုက်ရွှေ(ဘ)ဦးပန်းငြိမ်း၊ TNLAလက်နက်ကိုင်အဖွဲ့
(၆) သပ/၂၂/၀၀၀၆၄/က တောင်တျန်း(ဘ)ဦးပန်းငြိမ်း၊ TNLAလက်နက်ကိုင်အဖွဲ့
(၇) သပ/၂၂/၀၀၀၆၅/က အိုက်စိန်(ဘ)ဦးဒေဘီလ၊ TNLAလက်နက်ကိုင်အဖွဲ့
(၈) သပ/၂၂/၀၀၀၉၉/က အိုက်နိုင်(ခ)အနိုင်(ဘ)ဦးကျော်ဇော၊ TNLAလက်နက်ကိုင်အဖွဲ့
(၉) လရ/၂၂/၀၀၂၈၈/က ကော်ခမ်း(ဘ)ဦးထွန်းရွှေ၊ SSPP/SSA လက်နက်ကိုင်အဖွဲ့
(၁၀) လရ/၂၂/၀၀၂၈၉/က အိုက်လွတ်(ဘ)ဦးထွန်း၊ SSPP/SSA လက်နက်ကိုင်အဖွဲ့
(၁၁) သပ/၂၁/၀၀၁၂၄/က ကျော်ထွန်း(ခ)အိုက်ထွန်း(ခ)လွယ်ကန်(ဘ)ဦးဩ၊ SSPP/SSA လက်နက်ကိုင်အဖွဲ့
(၁၂) လရ/၂၂/၀၀၅၇၈/က အိုက်ညီး(ဘ)ဦးညီမိန်း၊ MNDAAလက်နက်ကိုင်အဖွဲ့
(၁၃) လရ/၂၂/၀၁၀၉၀/က အာကာစိုး(ခ)အိုက်နွေ့(ဘ)ဦးဝွင်ဂျန်း၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၄) လရ/၂၂/၀၀၂၇၆/က အိုက်မန်း(ဘ)ဦးအိုက်ဆွဲ၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၅) လရ/၂၂/၀၁၀၉၁/က အိုက်ညို့(ဘ)ဦးအောင်ဆာ၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၆) လရ/၂၃/၀၀၂၁၁/က ထွန်းမောင်(ခ)အိုက်ရိန်း(ဘ)ဦးအိုက်ဆာ၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၇) လရ/၂၂/၀၁၂၀၁/က မောင်မောင်စံ(ခ)မောင်ကျမ်(ဘ)ဦးအိုက်တုန်(ခ)ဆွယ်ခိုင်၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၈) လရ/၂၂/၀၁၂၀၀/က ကာလိန်(ခ)မောင်လေး(ဘ)ဦးအိုက်ယွင်း၊ TNLAလက်နက်ကိုင်အဖွဲ့
(၁၉) လရ/၂၃/၀၀၆၁၅/က အိုက်တီး(ဘ)ဦးအိုက်လော့၊ TNLAလက်နက်ကိုင်အဖွဲ့
(၂၀) လရ/၂၃/၀၀၆၁၆/က အိုက်မွန်း(ဘ)ဦးအိုက်ကျန်၊ TNLAလက်နက်ကိုင်အဖွဲ့
(၂၁) လရ/၂၃/၀၀၆၁၇/က အိုက်လော့(ခ)အောင်ကျော်(ဘ)ဦးအိုက်လွှဲ၊ TNLAလက်နက်ကိုင်အဖွဲ့
(၂၂) သတ/၂၃/၀၀၃၈၉/က အောင်နိုင်မြင့်(ဘ)ဦးချစ်မောင်၊ AAလက်နက်ကိုင်အဖွဲ့

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက် (၉/ ၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၄၈/ ၂၀၂၃၊ ၄၉/ ၂၀၂၃၊ ၅၀/ ၂၀၂၃၊ ၅၁/ ၂၀၂၃၊ ၅၂/ ၂၀၂၃၊ ၅၃/ ၂၀၂၃ နှင့် ၅၄/ ၂၀၂၃ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းအမိန့်များအရ ဒေါ်အောင်ဆန်းစုကြည်အား တရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ် ၃၅/ ၂၀၂၁၊ ၃၇/ ၂၀၂၁၊ ၇၁/ ၂၀၂၁၊ ၃၈/ ၂၀၂၁၊ ၄၅/ ၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ ဦးဝင်းမြင့်အား တရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ် ၃၅/ ၂၀၂၁၊ ၃၆/ ၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/သူများအနက် ပြစ်ဒဏ်လျှော့ပေါ့သင့်သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၇၇၄၉ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းနှင့် နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ အမှုမှလွှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို အမိန့်အမှတ် ၄၈/ ၂၀၂၃ နှင့် ၄၉/ ၂၀၂၃ တို့အရ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းသည် အပြုသဘောဆောင်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ သူ ၁၂၅ ဦးကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ရာ ရောက်သည်ဟု ရှုမြင်ပါသည်။

၅။ ဤဆောင်ရွက်မှုများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်ဖြစ်သည့်အပြင် လူသားချင်းစာနာထောက်ထားမှုကိုလည်း အလေးထားရာရောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေပါသည်။ သေဒဏ်ပြစ်ဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံ ရရှိသူများအနေဖြင့်လည်း အသက်ရှင်သန်ခွင့် ရရှိကြပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပြစ်ဒဏ် သက်သာခွင့် ရရှိသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့် ရကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စေတနာကို အလေးထားပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အနေဖြင့်လည်း ပြစ်ဒဏ်မှလွတ်မြောက်လာကြသူများ၊ ပြစ်ဒဏ်မှ သက်သာခွင့်ရရှိသူများ၏ မိသားစုဝင်များနှင့်အတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

# ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၄ /၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
**ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

❂ **ကျောဖုံးမှ**

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူတို့ကို ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

အဆိုပါ အကျဉ်းသား အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ သတ်မှတ်စည်းကမ်းနှင့် ကိုက်ညီသည့် နိုင်ငံသားအကျဉ်းသား ၁၁၉၆ ဦး၊ အကျဉ်းသူ ၁၄၄ ဦး၊ နိုင်ငံခြားသား အကျဉ်းသား ၁၃ ဦး၊ အကျဉ်းသူတစ်ဦး၊ ဘင်္ဂလီအကျဉ်းသား ၇၄ ဦး၊အကျဉ်းသူ ၃၆ ဦးဖြင့် စုစုပေါင်း ၁၄၆၄ ဦးတို့ကို ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားများအပါအဝင် အကျဉ်းသား အကျဉ်းသူ ၁၄၆၄ ဦး၊ ရွှေသူဌေးစခန်းမှ ၃၄ ဦး၊ တောကြီးတန်းစခန်းမှ ၁၇ ဦး၊ လှေလှော်အင်းစခန်းမှ ၃၃ ဦး၊ အိုင်ကလောင်စခန်းမှ ၆၂ ဦး၊ အောင်ချမ်းသာစခန်းမှ၄၅ ဦး၊ မင်းကုန်းစခန်းမှ ၂၃ ဦးတို့ဖြင့် လွတ်ငြိမ်းခွင့်ရရှိသူ ၁၆၇၈ ဦးတို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ပြီး ထောင်လွတ်လက်မှတ်များနှင့် လွတ်လူခရီးစရိတ်တို့ကို ထောက်ပံ့ခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများကို ၎င်းတို့၏မိသားစုဝင်များက အကျဉ်းထောင်ရှေ့သို့ ပျော်ရွှင်ဝမ်းမြောက်စွာ လာရောက်ကြိုဆိုကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် YBS မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။

**သတင်း-ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၅၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**မန္တလေး ဩဂုတ် ၁**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၅၁ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြကြောင်း သိရသည်။



အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၆၃၈ ဦး၊ အကျဉ်းသူ ၁၁၃ ဦး စုစုပေါင်း ၇၅၁ ဦးတို့ကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက "အခုလို လွတ်မြောက်လာတဲ့သူတွေအတွက် စားစရိတ်တွေ၊ ခရီးစရိတ်တွေကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်း ထုတ်ပေးသွားမှာဖြစ်ပါတယ်။ မိမိတို့သက်ဆိုင်ရာ နေရပ်ကို ပြန်ကြမယ့်သူတွေကိုလည်း ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်တွေကို လိုက်ပို့ဖို့ စီစဉ်ထားပါတယ်။ ဒီနေ့ကတော့ မင်္ဂလာရှိတဲ့နေ့လည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအတွက် ထူးမြတ်တဲ့ဒီနေ့မှာ နိုင်ငံတော်အကြီးအကဲအနေနဲ့ လူသားချင်းစာနာမှုအပြင် ပြစ်ဒဏ်ကျခံနေရတဲ့သူတွေရဲ့ မိသားစုတွေအတွက် ကိုယ်ချင်းစာတရားထားပြီး ပြစ်ဒဏ်တွေလျှော့ပေါ့ လွတ်မြောက်ခွင့်ပေးတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီနေ့လွတ်မြောက်တဲ့သူတွေလည်း မိသားစုနဲ့ ပြန်လည်တွေ့ဆုံရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့သူတစ်ဦးကလည်း " ကျွန်တော်တို့ကို အခုလို လွတ်မြောက်ခွင့်ပေးတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အိမ်ကိုအမြန်ဆုံးပြန်ပြီး မိသားစုနဲ့တွေ့ချင်နေခဲ့တာကြာပါပြီ။ အခုဆိုမိသားစုနဲ့ ပြန်လည်တွေ့ဆုံရတော့မှာဖြစ်တဲ့အတွက် ပြောမပြတတ်အောင် ပျော်ရွှင်မိပါတယ်။ ကျွန်တော်နဲ့အတူ လွတ်မြောက်လာတဲ့သူတွေအတွက်လည်း ပျော်ရွှင်မိပါတယ်" ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးထောင်နှင့် အလုပ်စခန်း ခုနစ်ခုတို့တွင် အကျဉ်းသား ၁၁၁၈ ဦး၊ အကျဉ်းသူ ၂၁၈ ဦး စုစုပေါင်း ၁၃၃၆ ဦး လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

**သတင်း-မောင်အေးချမ်း**
**ဓာတ်ပုံ-MTK**



## ဟသ်ာတအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ဟသ်ာတ ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတအကျဉ်းထောင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၅၁/၂၀၂၃)အရ အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါအကျဉ်းထောင်တွင် ပြုလုပ်သည်။

အခမ်းအနားသို့ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးကျော်မြသန်း၊ ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အကျဉ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်ဝင်းတို့က ဆုံးမဩဝါဒစကားများ ပြောကြားကြပြီး ဟသ်ာတအကျဉ်းထောင် ထောင်ပိုင်ကြီးက အကျဉ်းသား အကျဉ်းသူများအား ထောင်ထွက်လက်မှတ်နှင့် ထောက်ပံ့ကြေးများ ပေးအပ်သည်။

ဟသ်ာတ အကျဉ်းထောင်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က(ခ) အမှုများဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော ကျား၁၄ ဦး၊ မ သုံးဦး ပေါင်း ၁၇ ဦး၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် ကျား နှစ်ဦး၊ အခြားအမှုများမှ ကျား ၁၅၃ ဦး၊ မ ၂၆ ဦး စုစုပေါင်း ၁၉၈ ဦးတို့အား ဟသ်ာတအကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## ဘားအံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၅၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ဘားအံ ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ရာ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းသား အကျဉ်းသူ ၂၅၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့သည်။

အဆိုပါ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ ဘားအံအကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်နှင့် ခရီးစရိတ်များ ပေးအပ်၍ ကတိခံဝန်ချက်လက်မှတ် ရေးထိုးစေကာ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ မွန်းလွဲ ၂ နာရီခန့်တွင် လွှတ်ပေးခဲ့ရာ ၎င်းတို့၏ ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုမောင်နှမများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ နိုင်ငံသား ၇၇၄၉ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦး၊ နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦးအား တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၂၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၇၇၄၉ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၂၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်း၊ နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦးအား တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်းခြင်း၊ သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား အကျဉ်းသူများအနက် ပြစ်ဒဏ် လျှော့ပေါ့သင့်သူများကို သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံခြင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက် ယခုပြန်လည်လွတ်မြောက်လာသည့် အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မွန်ပြည်နယ် ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၅၀၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မော်လမြိုင် ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်



အမိန့်ဖြင့် အကျဉ်းဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းသား ၄၁၀၊ အကျဉ်းသူ ၉၀ စုစုပေါင်း ၅၀၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူ ၅၀၀ ကို ဆုံးမစကားပြောကြားပြီးအကျဉ်းသား အကျဉ်းသူများ၏ထောင်လွတ်လက်မှတ်များ ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်းလက်မှတ်နှင့် အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခြင်းနှင့် စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်တို့ကို ထုတ်ပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သထုံအကျဉ်းထောင်မှ အကျဉ်းသား ၁၁၉ ဦး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု

သထုံ ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် (၅၁/၂၀၂၃) အရ မွန်ပြည်နယ် သထုံအကျဉ်းထောင်မှ အကျဉ်းသား ၁၁၉ ဦးအား ဩဂုတ် ၁ ရက်တွင် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် အကျဉ်းသားများကို သထုံအကျဉ်းထောင် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူက လွတ်ငြိမ်းခွင့်ပြုပေးသည့်ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာအကျိုးကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာ ဆက်လက်နေထိုင်ကြရေး ဆုံးမစကားများပြောကြားကာ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ထုတ်ပေး၍ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးကြသည်။

ခရိုင်(ပြန်/ဆက်)





## ပဲခူးအချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၁၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပဲခူး ဩဂုတ် ၁

ပဲခူးမြို့ ပဲခူးအချုပ်ထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက် အကျဉ်းသား ၉၃ ဦး၊ အကျဉ်းသူ ၁၈ ဦး စုစုပေါင်း ၁၁၁ ဦးတို့အား ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့သည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၁၁ ဦးတို့အား တာဝန်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၀၁(၁)နှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များနှင့် ပြင်ပတွင် စည်းကမ်းတကျနေထိုင်ရန် ဆုံးမစကားများ ပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ အကျဉ်းသား အကျဉ်းသူ ၈၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသော အားဖြင့် လည်းကောင်း နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ အကျဉ်းသား အကျဉ်းသူ ၈၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့ကြောင်း သိရသည်။




အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအနက် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၂၁ ဦး၊ ကင်းသာ(၁)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၅ ဦး၊ ကင်းသာ(၁) အင်အား၊ ဘက်စုံစိုက်/ မွေးစခန်း (နေပြည်တော်)မှ အကျဉ်းသား ၃၅ ဦး၊ ကင်းသာ(၂) ကုန်ထုတ်စခန်း (တပ်ကုန်း)မှ အကျဉ်းသား ၁၅ ဦး စုစုပေါင်း ၈၆ ဦးတို့ အသီးသီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အချုပ်ထောင် ခန်းမ၌ ကျင်းပရာ နေပြည်တော် ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ညွှန်ကြားရေးမှူး၊ ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးအောင်မျိုးဇော်လွင်တို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။

**လိုက်ပါပို့ဆောင်**

ထို့နောက် အကျဉ်းသားများကို အချုပ်ထောင်တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများ ဖြစ်သည့် အပူချိန်တိုင်းခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လွှတ်လက်မှတ်များ၊ ခရီးစရိတ်၊ စားစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်ခြင်း၊ ကတိခံဝန်ချက် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အား ဌာနပိုင်မော်တော်ယာဉ်များဖြင့် မြို့မဈေးကားဂိတ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရခိုင်ပြည်နယ်အတွင်း၌ အကျဉ်းသား အကျဉ်းသူ ၂၅၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

စစ်တွေ ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/ ၂၀၂၃) ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၂၅၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။

ထိုသို့လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး၊ အကျဉ်းသူ နှစ်ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၅၆ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၄၈ ဦး၊ အကျဉ်းသူတစ်ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၉၅ ဦး၊ အကျဉ်းသူ ၁၀ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၂၅၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# ကျိုက်ထိုမြို့နယ်၌ အကျဉ်းစခန်းသုံးခုမှ အကျဉ်းသား အကျဉ်းသူ ၁၀၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ကျိုက်ထို ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ကျိုက်ထိုမြို့နယ် အကျဉ်းစခန်းသုံးခုမှ အကျဉ်းသား အကျဉ်းသူ ၁၀၆ ဦးကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် မုပ္ပလင်အမျိုးသားကုန်ထုတ်စခန်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၉ ဦး၊ မုပ္ပလင်အမျိုးသမီး ကုန်ထုတ်စခန်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၉ ဦး၊ အင်္ဂတိုရော်ဘာစိုက်ပျိုးရေးစခန်း (ရွှေဖြူ)အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၈ ဦး စုစုပေါင်းအကျဉ်းသား အကျဉ်းသူ ၁၀၆ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ခြင်းဖြစ်သည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၀၆ ဦးကို အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်မှ အကျဉ်းထောင်/စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၂၆၀ တို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ပုသိမ်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများကို မိသားစုများက လာရောက်ကြိုဆိုကြစဉ်။ သတင်းစဉ်

# ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၄၅၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

တောင်ကြီး ဩဂုတ် ၁

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူ အကျဉ်းသား အကျဉ်းသူများအား သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက ဆုံးမဩဝါဒစကား ပြောကြားပြီး စားစရိတ်၊ ခရီးစရိတ်တို့ကို ပေးအပ်၍ စနစ်တကျ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း၊ မိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ လာရောက်ကြိုဆိုကြကြောင်း သိရသည်။



ထိုသို့လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၁၇၀၊ ကျိုင်းတုံအကျဉ်းထောင်မှ ၆၂ ဦး၊ လားရှိုးအကျဉ်းထောင်မှ ၁၀၁ ဦး၊ သီပေါအကျဉ်းထောင်မှ ၂၁ ဦး၊ မိုင်းဆတ်အကျဉ်းထောင်မှ ကိုးဦး၊ တောင်ကြီးအချုပ်ထောင်မှ သုံးဦး၊ စခန်းအသီးသီးမှ ၈၈ ဦး စုစုပေါင်း ၄၅၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



# ပြည်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၉၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည် ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/၂၀၂၃) ဖြင့် ပြည်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၉၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးရာတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်အကျဉ်းထောင်မှူးနှင့် တာဝန်ရှိသူများအဖွဲ့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမဩဝါဒစကားများပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေအလိုက် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို ၎င်းတို့နေရပ်ထံ ပြန်လည်ရောက်ရှိရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ကချင်ပြည်နယ်၌ အကျဉ်းသား အကျဉ်းသူ ၁၇၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မြစ်ကြီးနား ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၅၁/၂၀၂၃) အရ ကချင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းသား ၁၆၀၊ အကျဉ်းသူ ၁၅ ဦး စုစုပေါင်း ၁၇၅ ဦးအား ဩဂုတ် ၁ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများမှာ မိုးညှင်းဗဟိုထောင်မှ အကျဉ်းသား ၃၂ ဦး၊ မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသား ၈၂ ဦး၊ အကျဉ်းသူ ၁၄ ဦး၊ ဗန်းမော်အကျဉ်းထောင်မှ အကျဉ်းသား ၃၀၊ အကျဉ်းသူတစ်ဦး၊ ပူတာအိုအကျဉ်းထောင်မှ အကျဉ်းသား ခုနစ်ဦး၊ မလိခ (ပီတောင်)အလုပ်စခန်းမှ အကျဉ်းသား ရှစ်ဦး၊ ဒွန်ဘန်အလုပ်စခန်းမှ အကျဉ်းသား တစ်ဦး စုစုပေါင်း ၁၇၅ ဦး ဖြစ်ကြောင်း သိရသည်။

မျိုးမြင့်စိုး(ပြန်/ဆက်)



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zay Yan Lwin” အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ ဇေယံလွင် (ခ) ဆန်းထွန်းအောင်အား ည ၇ နာရီ ၃၅ မိနစ်တွင် ပျော်ဘွယ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့”** ခေါင်းစဉ်ဖြင့် ၂-၈-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် သားဖြစ်သူ အသက် ၁၁ နှစ်အရွယ်ကလေးအပါအဝင် ဆရာမ ခုနစ်ဦးကို PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတစ်ဦးကို ပစ်သတ်သွားသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀နာရီမှ ၁၁နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

နေပြည်တော် ဩဂုတ် ၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းလွန်တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ခီပူပါရာမြို့အနီးမှ စတင်ဖြတ်ကျော်လျက်ရှိသည်။

**နောက်(၂၄)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် နောက်၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်နှင့် မုတ်သုံလေအားအလွန်ကောင်းနေခြင်းတို့ကြောင့် ယနေ့ညမှ ဩဂုတ် ၃ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၂ ပေမှ ၁၅ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

ယနေ့ညမှ ဩဂုတ် ၃ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်နှင့် မုတ်သုံလေအား အလွန်ကောင်းနေခြင်းတို့ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၁၀ | ၂၂၄၀ | ၂၃၉၀ | ၂၄၀၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၃၁၂၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၇၅ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၀ | ၂၅၀၀ | ၂၅၁၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၅၅ | ၂၆၈၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၅၆၀ | ၂၅၅၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၅ | ၂၄၉၅ | ၂၇၂၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၄၈၅ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၈၀ |
| HSD (10 ppm) | ၂၄၈၅ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၆ | ၂၂၂၂ |
| 95 Ron | ၂၂၅၄ | ၂၃၃၂ |
| HSD (500 ppm) | ၂၂၉၂ | ၂၃၆၇ |
| HSD (50 ppm) | ၂၃၆၆ | ၂၄၄၃ |
| HSD (10 ppm) | ၂၃၆၆ | ၂၄၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၂၅ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိသည်။

